# ACC Against COVID-19




## အစီအစဉ် (၉၂)

## “အဂတိကင်းရှင်းရေးမှသည် ဒီမိုကရေစီနိုင်ငံဆီသို့”

ဦးအောင်ဇော်မိုး

အများပြည်သူဆိုင်ရာ ကဏ္ဍတွင် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်အတွက် မြန်မာ နိုင်ငံ၏ Corruption Perceptions Index-CPI ရမှတ်မှာ ၂၉ မှတ် ဖြစ်ကြောင်း Transparency International က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားကြပါသည်။ မြန်မာနိုင်ငံ၏ Corruption Perceptions Index မှာ ၂၀၁၇ ခုနှစ်တွင် အမြင့်ဆုံး ၃၀ မှတ်၊ ၂၀၁၈ ခုနှစ်တွင် အနိမ့်ဆုံး ၁၃ မှတ်ဖြစ်သဖြင့် ၂၀၁၉ နှစ်တွင် ရရှိသော ယင်းရမှတ်မှာ ဒုတိယ အမြင့်ဆုံးဟုလည်းဆို နိုင်ပါသည်။



၂၀၂၀ ခုနှစ် ဇန်နဝါရီလက ထုတ်ပြန်ခဲ့သော ၂၀၁၉ ခုနှစ် အတွက် CPI ညွှန်းကိန်းများအရ နိုင်ငံပေါင်း ၁၈၀ အနက် သုံးပုံနှစ်ပုံထက်ပိုမိုသော နိုင်ငံအများစုမှာ ရမှတ် ၅၀ အောက်လျော့နည်းခဲ့ကြောင်းနှင့် နိုင်ငံအားလုံးအတွက် ပျမ်းမျှရမှတ်မှာ ၄၃ မှတ်ဖြစ်ကြောင်းဆိုပါသည်။ အဂတိအကင်းရှင်းဆုံးနိုင်ငံများအဖြစ် ဒိန်းမတ်နှင့် နယူးဇီလန် နိုင်ငံတို့က ၈၇ မှတ်စီဖြင့် ဦးဆောင်လျက်ရှိပြီး ဖင်လန်နိုင်ငံက ၈၆ မှတ်ဖြင့် လည်းကောင်း၊ စင်ကာပူ၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့က ၈၅ မှတ်စီဖြင့်လည်းကောင်း ရှေ့ဆုံးမှရပ်တည်လျက်ရှိနေကြပါသည်။ CPI ညွှန်းကိန်းရမှတ် အောက်ဆုံးဖြစ်နေသော နိုင်ငံများမှာမူ ဆိုမာလီယာ ၉ မှတ်၊ တောင်ဆူဒန် ၁၂ မှတ်၊ ဆီးရီးယား ၁၃ မှတ်၊ ယီမင် ၁၅ မှတ်၊ ဗင်နီဇွဲလား၊ ဆူဒန်၊ အီကွေတိုရီရယ်လ် ဂီနီယာနှင့် အာဖဂန် နစ္စတန်တို့က ၁၆ မှတ်စီဖြင့် ရပ်တည်လျက်ရှိကြပါသည်။


0
100
TOP COUNTRIES
01 DENMARK 87/100
02 NEW ZEALAND 87/100
03 FINLAND 86/100
04 SINGAPORE 85/100
05 SWEDEN 85/100
06 SWITZERLAND 85/100
BOTTOM COUNTRIES
176 VENEZUELA 16/100
177 YEMEN 15/100
178 SYRIA 13/100
179 SOUTH SUDAN 12/100
180 SOMALIA 9/100
0
100
GLOBAL AVERAGE

လွန်ခဲ့သော ၈ နှစ်အတွင်း ဂရိ၊ ဂူယာနာ၊ အက်စ်တိုးနီးယား နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံသာ အဂတိကင်းစင်ရေး ဆိုင်ရာ CPI ညွှန်းကိန်းရမှတ်သိသိသာသာတိုးတက်ခဲ့ပြီး ကနေဒါ၊ ဩစတေးလျနှင့် နီကရာဂါနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှာမူ အဆိုပါညွှန်းကိန်းရမှတ် သိသိသာသာကျဆင်းခဲ့ကြောင်း Transparency International ၏ စစ်တမ်းက ဆိုထား ပါသည်။ အခြားသော ၁၃၇ နိုင်ငံ၏ ရမှတ်များမှာ သိသာသော ပြောင်းလဲမှုများမရှိသည်ကိုတွေ့ရပေသည်။ ယင်းအပြင် ၂၀၁၉ ခုနှစ်၊ မြန်မာ နိုင်ငံ၏ အဂတိလိုက်စားမှုအဆင့်မှာ နိုင်ငံပေါင်း ၁၈၀ အနက် အဆင့် ၁၃၀ ဖြစ်ပြီး လွန်ခဲ့သော ၁၀ နှစ် အတွင်း ၂၀၁၁ ခုနှစ်တွင် အဆင့် ၁၈၀ အထိဆိုးရွားစွာကျရောက်ခဲ့ကြောင်း၊ အလားတူ ၂၀၁၀ ခုနှစ်တွင် အဆင့် ၁၇၆၊ ၂၀၁၂ ခုနှစ်တွင် အဆင့် ၁၇၂၊ ၂၀၁၃ ခုနှစ်တွင် အဆင့် ၁၅၇ နှင့် ၂၀၁၄ ခုနှစ်တွင် အဆင့် ၁၅၆ စသည်ဖြင့် အဆင့်ဆင့် တိုးတက်ပြောင်းလဲခဲ့ကြောင်းနှင့် ၂၀၁၉ ခုနှစ်တွင် လက်ရှိအဆင့် ၁၃၀ သို့ တိုးတက် ရောက်ရှိလာနိုင်ခဲ့ကြောင်း စစ်တမ်းက ဆိုထားပါသည်။

Transparency International က အာရှပစိဖိတ်ဒေသနိုင်ငံ များတွင် ၂၀၁၇ ခုနှစ်ကလည်း လူပေါင်း ၂၂၀၀၀ ကျော်ကို မေးမြန်းပြီး စစ်တမ်းတစ်ခုဆောင်ရွက်ခဲ့ရာ၌ အဆိုပါစစ်တမ်း အရ လူ ၄ ဦးလျှင် တစ်ဦးမှာ ပြည်သူ့ဝန်ဆောင်မှုများရရှိရန် အတွက် တံစိုးလက်ဆောင် ပေးကမ်းရသည်ကိုတွေ့ရှိရ သည်။ ၂၀၁၈ ခုနှစ် ကောက်ယူခဲ့သော စစ်တမ်းများအရ မြန်မာနိုင်ငံကမူ စစ်တမ်းကောက်ယူခြင်းခံရသူ အားလုံး၏ ၂၂ ရာခိုင်နှုန်းခန့်ကသာ တံစိုး လက်ဆောင်ပေးရမှု မြင့်တက်နေသည်ဟု ဖြေကြားခဲ့ကြပြီး ယင်း ၁၂ လအတွင်း ပြည်သူ့ ဝန်ဆောင်မှု ရယူလိုသူ ၃၂ ရာခိုင်နှုန်းမှာ တံစိုးလက်ဆောင် ပေးခဲ့ကြရ သည် ဟု ဖြေကြားထားသည်ကိုတွေ့ရပါသည်။



ဒေသအခြေအနေအပေါ်မူတည်ပြီး အဂတိအလိုက်စားဆုံးသူ/ အဖွဲ့အစည်းမှာလည်း ကွာခြားမှုရှိနေပြန်ပါသည်။ အာရှ-ပစိဖိတ်ဒေသတွင် ၃၉ ရာခိုင်နှုန်း၊ ဆာဟာရ အာဖရိက ဒေသတွင် ၄၇ ရာခိုင်နှုန်းဖြင့် ရဲများက အကျင့်ပျက်မှုအများဆုံး အဖြစ်မှတ်တမ်းဝင်နေသော်လည်း ဥရောပနှင့် အာရှ အလယ်ပိုင်းဒေသများတွင် ၃၁ ရာခိုင်နှုန်းဖြင့် ရွေးကောက်ခံ ကိုယ်စားလှယ်များက အကျင့်ပျက်ခြစားမှု အများဆုံးဖြစ်ပါသည်။ အမေရိကတိုက်ဒေသတွင်မူ ရဲများနှင့် ရွေးကောက်ခံ ကိုယ်စားလှယ် နှစ်မျိုးစလုံးမှာ ၄၆ ရာခိုင်နှုန်းဖြင့် ဆိုးဆိုး ရွားရွား လာဘ်စားသူများအဖြစ် ရပ်တည်နေပါသည်။ အရှေ့ အလယ်ပိုင်း နှင့် မြောက်အာဖရိကတွင်မူ ရွေးကောက်ခံ ကိုယ်စားလှယ်များ၊ အခွန်အရာရှိများနှင့် အစိုးရ အရာရှိများမှာ ၄၅ ရာခိုင်နှုန်းဖြင့် အဂတိလိုက်စားဆုံးသူများအဖြစ်ဖော်ပြ ထား ခြင်းခံရပါသည်။





မိမိတို့မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းခဲ့သော ဆယ်နှစ်တာ ကာလအတွင်း အဂတိလိုက်စားမှုများကို တစ်ဖြည်းဖြည်းလျှော့ချနိုင်ခဲ့သည်။ သို့ရာတွင် နိုင်ငံပေါင်း ၁၈ဝ အနက် အဂတိလိုက်စားမှု အဆင့် ၁၃ဝ၊ Corruption Perceptions Index-CPI ရမှတ် ၂၈ မှတ်မှာ မြန်မာနိုင်ငံ အတွက် ရမှတ်ကောင်း မဟုတ်သေးချေ။ တစ်ဖက်တွင်လည်း မည်သို့သော နိုင်ငံမျှ အဂတိလိုက်စားမှုကင်းရှင်းသည့် အခြေအနေ တွင်မရှိပေ။



ဥပမာအားဖြင့် အမေရိကန်နိုင်ငံသည်ပင် လူမှုကျင့်ဝတ်ဆိုင်ရာစံနှုန်းများတိုက်စားပြုန်းတီးခြင်းနှင့် အဂတိတရားများကြောင့် အမေရိကန်နိုင်ငံ၏ ကောင်းမွန်သော checks and balances စနစ်ကို ခြိမ်းခြောက်ခံလာရမှုတို့ကြောင့် ၂၀၁၉ ခုနှစ် ထိပ်တန်းနိုင်ငံ (၂၀)မှ ပထမဆုံးအကြိမ်လျော့ကျလာခံသည်။ သို့ဖြစ်ရာ အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများသည် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စံနှုန်းများကို သာမကဘဲ လူ့ကျင့်ဝတ်ဆိုင်ရာ စံနှုန်းများ၊ တရားမျှတမှုဆိုင်ရာ စံနှုန်းများနှင့် ဒီမိုကရေစီစံနှုန်းများကိုပါ ပြင်းထန်ဆိုးရွားစွာ ထိခိုက်စေနိုင် ကြောင်း သတိပြုရမည်ဖြစ်ပါသည်။



တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် တရားရေးအာဏာပိုင်များသာမက နိုင်ငံအကြီးအကဲများ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများ၊ မီဒီယာများ၊ ယုတ်စွအဆုံး ဘာသာရေးဆရာများပင် အဂတိလိုက်စားမှုမှ ကင်းလွတ်နိုင်ခြင်း မရှိသည်ကိုတွေ့ရပေရာ အဂတိလိုက်စားမှုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများ အတွက် ဖွံ့ဖြိုးတိုးတက်မှုကိုတိုက်ရိုက်တိုက်ခိုက်လျက် ရှိပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများ၊ ခိုင်မာအားကောင်းသော အဖွဲ့အစည်းဆိုင်ရာ စံနှုန်းများ၊ နိုင်ငံရေးအခွင့်အရေးဆိုင်ရာစံနှုန်းများနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာစံနှုန်းများကို အနည်းနှင့်အများ ခြိမ်းခြောက်မှုရှိလာခြင်းကြောင့် အဂတိလိုက်စားမှုများအား ကြီးငယ်မဟူ၊ လူတန်းစားမခွဲ၊ ဖြူမည်းမထား၊ ကျောသားရင်သားမရှိ ပြည်သူလူထု ပါဝင်မှုဖြင့် တိုက်ဖျက်ကြရမည်မှာ ထင်ရှားလှပါသည်။

သာမန်အားဖြင့် အဂတိတိုက်ဖျက်ရေးသည် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ နှင့် တိုက်ရိုက်အပြန်အလှန်ချိတ်ဆက်လျက်ရှိနေသည်ဟု ဆိုကြသည်။ သို့သော် အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ယင်းစကားရပ်သည် လုံလောက်သောအခြေအနေတွင်မရှိပါ။ အမှန်စင်စစ်အဂတိလိုက်စားမှုသည် သေးငယ်သော လိုက်စားမှုပင်ဖြစ်လင့်ကစား နိုင်ငံစီးပွားရေး၊ ဖွံ့ဖြိုးရေးကိုသာမက နိုင်ငံတည်ဆောက်ရေးဆိုင်ရာ မဏ္ဍိုင်ကြီးသုံးရပ်ကို တိုက်ရိုက် ခြိမ်းခြောက်နေခြင်းဖြစ်ပါသည်။





ထို့အတူ နိုင်ငံတကာရှိ အချို့နိုင်ငံများတွင် အလေ့အထဖြစ်လျက်ရှိသည့် နိုင်ငံတော်အဆင့် အဂတိလိုက်စားမှုများ (ယင်းသို့ဆိုရာတွင် ငွေကြေးတံစိုးလက်ဆောင်ရယူခြင်းကိုသာ ဆိုလိုခြင်းမဟုတ်၊ နိုင်ငံ့ဘဏ္ဍာကို ပြုန်းတီးလေလွင့်စေမှု၊ ဘက်လိုက်အုပ်ချုပ်မှု၊ အာဏာကို မတရားသဖြင့် တည်တံ့အောင်ဆောင်ရွက်မှုတို့ လည်းပါဝင်ပေသည်)၊ ရွေးကောက်ခံကိုယ်စားလှယ်တို့၏ အဂတိလိုက်စား၍ နိုင်ငံရေးအမြတ်ထုတ်မှုများ ( TI ၏ စစ်တမ်းအရ ကမ္ဘာတစ်ဝှမ်းလုံးတွင် ပြည်သူ့အကျိုးမူဝါဒဖြင့် ထင်ရှားလာသည့် နိုင်ငံရေး လှုပ်ရှားသူများ၏ ၄၀ ရာခိုင်နှုန်းမှာ အကျင့်ပျက်ခြစားမှုကြောင့် စွဲချက်တင်ခံနေကြရသည်ဟုဆိုသည်)၊ အာဏာအလွဲသုံးစား ပြုမူမှုများမဖြစ်ပေါ်ရလေအောင် ပြည်သူများက သတိပြုစောင့်ကြည့်ရပေမည်။ ယင်းသို့သော အဂတိများမှာမူ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များကိုသာမက ဥပဒေပြုရေးမဏ္ဍိုင်ကိုပါ ထိပါးခြိမ်းခြောက်မှုဖြစ်သဖြင့် အစိုးရနှင့် ပြည်သူများက အမျိုးသားရေးတာဝန်အဖြစ် အလေးထားပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း တင်ပြအပ်ပါသည်။

## References


- Corruption Perceptions Index–CPI (2017), by Transparency International
- Corruption Perceptions Index–CPI (2018), by Transparency International
- Corruption Perceptions Index–CPI (2019), by Transparency International
- How corruption weakens democracy, by Transparency International